# သိပ်ကြာရယ်သံ

လူနေ လင်းညိုဌေးသွး



# အမှာ စာ

တစ်ခေတ်က ဆရာတင့်တယ်ကို ခေတ်ပြိုင်စာရေး ဆရာများ က 'နှုတ်ခမ်းနီမလေးများ အကြိုက်' စာရေး ဆရာဟု ကင်ပွန်းတပ်ခဲ့ကြသည်။ 'လာလုလုငေး' 'ထား' ဆိုသော ဝတ္ထုများ မှာ ထင်ရှားသည်။ ဆရာတင့်တယ်နှင့် ခေတ်ပြိုင် ဆရာလင်းယုန်နီ၏ 'မမမြင့်' လုံးချင်းအတွဲ များ မှာ လည်း ခေတ်စားခဲ့ဖူးသည်။ ကျွန်တော် တို့ စာကောင်းကောင်းဖတ်သည့် ခေတ်မှာ တော့ ဆရာ အောင်လင်း။ သူ၏ 'ဗေဒါ'၊ 'မောင့်မမငြိမ်း'၊ 'ရင်ပွင့်လေသော အခါ' ဝတ္ထုရှည်တို့မှာ အထူး အောင်မြင်၍ ရုပ်ရှင်ဘဝကူးပြောင်းခဲ့သည်။ 'နစ်လေသူတစ်ဦး'၊ 'တရံရောအခါ' တို့လို ဇာတ်ကောင်တစ်ကောင်တည်းကို စွဲမြဲရေး သော ဝတ္ထုရှည်တွေ ဖန်တီးခဲ့သည်။ နောက်ပေါ်ထွန်းလာ သူမှာ ဆရာတက္ကသိုလ်ဘုန်းနိုင် ဖြစ်သည်။ သူ၏ 'သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည် ခိုင်' (စထုတ် ဝေစဥ်က သုံးအုပ်တွဲ )နှင့် အတူ စွယ်တော် ရွက် ရောဂါ သည် မြန်မာတစ်နိုင်ငံလုံးရှိ ဆယ်ကျော် သက်များ အကြား ကူးစက်ပျံ့နှံ့သွား၏ ။ နောက် 'နွယ်ဦးမွန်မို့ ချစ်ထွဋ်တင်သည်' ဤစာအုပ်မှာ လည်း သုံးအုပ်တွဲ ပင်။ နောက် နာမည် ကျော် 'မိုးညအိပ်မက်မြူ'။ . . . . နောက် တက္ကသိုလ် ဘုန်းနိုင်ခေတ် ဖြစ်ခဲ့သည်။

လောကတွင် လူရှိနေသရွေ့ အချစ်ရှိနေမည် ။ အချစ်ရှိနေသရွေ့ အချစ်ဝတ္ထုတွေ ရှိနေ မည် ။ သို့ သော် ခေတ်အလိုက် လူငယ်တွေ အကြိုက်ပြောင်းလဲမှု ပေါ်လိုက်၍ အချစ်ဝတ္ထုရေး ဆရာတွေ မှာ လည်း ပြောင်းလဲသွားတတ်၏ ။ တစ်ခေတ်က မောင်သာပြည့်၊ မောင်မောင်မြင့် လွင်၊ နောက်တော့ မြင့်မောင်မောင်။ နောက် ငြိမ်းကျော်၊ သုမောင်၊ နွမ်ဂျာသိုင်း၊ မောင်စိန်ဝင်း။ နောက်တော့ နေနော်၊ နောက် တာရာမင်းဝေနှင့် မင်းခိုက်စိုးစံ၊ သူတို့နောက်က ဝေမှုံး သွင်။ မျိုးကိုမျိုး။ ၂၀၀၈ အတွင်း မှာ မူ ထူးထူးခြားခြား လူငယ်ဝတ္ထုရေး သမားလေးနှစ် ဦး ပေါ်ပေါက်လာ သည်။ လင်းညို့ သွေးနှင့် လူနေ။ သူတို့သည် အချိန်တိုတိုကာလလေးအတွင်း မှာ ပင် ထိုက်သင့် သော အောင်မြင်မှု များ ရခဲ့သည်။ ခိုင်ခိုင်မာမာ ပရိသတ်များ ရခဲ့သည်။ နှစ် ဦးစလုံးကပင် တကယ့်အသက်နှစ် ဆယ်စွန်းစ လူငယ်ကလေးတွေ ဖြစ်နေတာက အံ့ကြဖို့ကောင်းနေလေ သည်။

(၂)

တင့်တယ်၊ အောင်လင်းတို့ ခေတ်စားစဉ်ကာလက လုံးချင်းဝတ္ထုဟု ခေါ်သော ဝတ္ထုရှည် များ ရေး သားနိုင်ရန်အတွက် စာရေး သူတို့သည် မဂ္ဂဇင်းများ တွင် ဝတ္ထုတိုများ ရေး ကာ လက်ရည် သွေးခဲ့ကြသည်။ ပရိသတ်စုဆောင်းခဲ့ကြသည်။ နောက်ပိုင်းတွင် မူ အကြောင်းအမျိုးမျိုးဖြင့် တချို့သည် လုံးချင်းဝတ္ထုစတင်ရေး ခြင်းဖြင့် ပွဲထွက်ခဲ့ကြသည်။ မဂ္ဂဇင်း၊ ဂျာနယ်များ ကို ဖြတ်သန်းစရာမလို။ တချို့က ဝါသနာမပါ၍ လော၊ မရေး တတ်၍ လောမသိ။ ဝတ္ထုတိုရေး လေ့ရှိ တာမတွေ့ ရ။ တချို့ ကတော့ ဝတ္ထုရှည်များ အပြင် လုံးချင်းလောကတွင် အောင်မြင်မှု ကို ထူထောင်ခဲ့ပြီးမှ ထိုအားကိုးဖြင့် အတိုလောကထဲ တိုးဝင်လာသည်။ တချို့ မဂ္ဂဇင်း အယ်ဒီတာ များ ကလည်း သူတို့အရှိန်အဝါကို မဂ္ဂဇင်းအတွက် အသုံးချရန် ထိုဝတ္ထုတို့ကို ဖော်ပြကြသည်။ သို့သော် တကယ်ဝတ္ထုတိုမရေး တတ်သူများ မှာ ရှည်ရှည်မခံ။ သူတို့အောင်မြင်မှု ကာလ ကုန်ဆုံး သည်နှင့် မဂ္ဂဇင်းဂျာနယ်လောကမှ ပျောက်ကွယ်သွားကြသည်သာ ဖြစ်သည်။ တကယ်ဝတ္ထုတို ရေး တတ်သူများ သာ တည်တန့်ကျန်ရစ်ခဲ့ကြသည်။ တချို့အောင်မြင်သော လုံးချင်းဝတ္ထုရှည် ရေး သူတချို့ကမူ ဝတ္ထုတိုရေး ရန် စိတ်ဆန္ဒရှိဟန်မတူ။ ဝတ္ထုတိုရေး တာမတွေ့ ရ။ ဝတ္ထုရှည်လုံး ချင်းရေး ခြင်းဖြင့် သာ အပြီးသတ်သွားကြသည်။ လူနေနှင့် လင်းညို့ သွေးတို့ကမူ ထိုသို့ မဟုတ်။ ဝတ္ထုတိုရေး ရန် အာရုံဝင်စားကြပုံရ၏ ။ စိတ်ကူးရည်ရွယ်ချက်ကလည်း ထားရှိကြပုံရ၏ ။ ယခု သူတို့နှစ် ယောက် တွဲ ကာ ဝတ္ထုတိုပေါင်းချုပ် စာအုပ်တစ်အုပ်ထုတ်ဝေရန် ကြိုး စားခြင်းက သက်သေခံ၍ နေလေသည်။

သူတို့နှစ် ယောက် စလုံးပင် လက်ရှိသည်။ ကြိုး စားအားထုတ်ချင်စိတ်ရှိသည်။ သူတို့ နှစ် ဦးစလုံးပင် လုံးချင်းဝတ္ထုလောကတွင် ရရှိသည့်အောင်မြင်မှု လောက်နှင့် ကျေနပ်နှစ် သိမ့်နေ ကြမည့် ပုံမပေါ်။ သူတို့ဝတ္ထုတိုများ ကို ဖတ်ကြည့်သော အခါ ကြိုတင်တွေ းဆထားသလိုပင် အများ စုမှာ အချစ်ကိုအခြေခံထားသော ဝတ္ထုတွေ ဖြစ်နေ၏ ။ (လူနေ၏ မှတ်စုစာအုပ်နှင့် ပုံပြင်ထဲက ရယ်သံနှစ် ပုဒ်မှာ ချွင်းချက် ဖြစ်၏ ) သူတို့၏ လုံးချင်းစာအုပ်များ တွင် တွေ့ ရလေ့ရှိ သည့် သဘာဝအတိုင်းပင်၊ လူနေက Plot ခေါ်

ဇာတ်ကွက်ကို အားကိုး၍ လင်းညို့ သွေးက အရေး အသားခေါ် Prose ကို အလေးပြု သည်ကိုတွေ့ရသည်။ လူနေက ဒသဿ နတစ်ခုခုကို ဖော်ထုတ်ချင်ပုံရ၍ လင်းညို့ သွေးက အတွေးလှလှကို အရေး လှလှဖြင့် တန်ဆာဆင်ချင်ပုံရ၏ ။ သို့သော် သူတစ်ခုဆင်ခြင်ရသည်မှာ သူ့ဝတ္ထုတချို့သည် (စိတ်နှင့် အသည်းကွဲသာရုံအလွမ်း) ဝတ္ထု တိုဟူသော အသုံးအနှုန်းဖြင့် မလိုက်အောင် ရှည်လျားနေခြင်း ဖြစ်သည်။ တိုခြင်းမှာ ဝတ္ထု တိုတစ်ပုဒ်ရှိရမည့် အင်္ဂါရပ်များ ထဲမှ ထူးကဲသည့် အရည်အသွေးတစ်ခု ဖြစ်သည်။

ဘာပဲပြောပြော သူတို့လိုလူငယ်တွေ က ဝတ္ထုတိုကို စိတ်ဝင်စားသည်ဆိုခြင်းမှာ ကြိုဆို လက်ခံရမည့် အချက် ဖြစ်သည်။ တကယ်ဝတ္ထုတိုရေး ချင်သည်ဆိုလျှင် (သူတို့ကို တိုက်တွန်းချင် သည်မှာ ) ဝတ္ထုတိုများများ ဖတ်မှတ်လေ့လာဖို့ ဖြစ်၏ ။ နောက်ဆုံးတစ်ချက်က မဂ္ဂဇင်းဂျာနယ် များ တွင် ရေး ဖို့ ဖြစ်၏ ။ အယ်ဒီတာများ ၏ အစစ်ဆေးခံ၊ မှတ်ကျောက်အတင်ခံကာ အနုပညာ အရည်အသွေး တိုးမြှင့်ဖို့ ဖြစ်၏ ။ မြန်မာစာပေလောက တိုးတက် ဖြစ်ထွန်းရေး တွင် လူငယ်ဝတ္ထုရေး သူအသစ်များ တိုးပွားလာခြင်းမှာ အဓိကအခြေခံအချက် ဖြစ်ရာ သူတို့နှစ် ယောက် ဝတ္ထုတို ရေး သားလာခြင်းကိုလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမိပါကြောင်း။ ။

အားလုံးကိုလေးစားလျက်

သစ္စာနီ

(စက်တင်ဘာ ၂၀၀၈)